မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing
Income Restoration Program in Myanmar**

## Fuji Work မှ လုံခြုံရေးဆိုင်ရာ အခြေခံသင်တန်းပေးအပ်ခြင်း (၂၀၁၅ နိုဝင်ဘာ ၄ ရက် နှင့် ၆ ရက်)



အခြေခံ လုံခြုံရေးဆိုင်ရာ သဘောတရားများ နှင့် လုံခြုံရေးတို့၏ တာဝန် ဝတ္တရားများ ကို နားလည်စေရန် ရည်ရွယ်ချက်ဖြင့် Fuji Work မှ လုံခြုံရေး သင်တန်းကို နိုဝင်ဘာလ ၄ရက် နှင့် ၆ရက်တွင် သင်တန်းပေးခဲ့ပါသည်။ သင်တန်းသား ၁၈ ဦး တွင် ၈ ဦးမှာ ပြန်လည်နေရာချထားရာနေရာမှ ဖြစ်ပါသည်။ ယခုအခါ ယင်း ၈ဦးအနက် ၄ဦးမှာ Dowa Eco- System Co., Ltd မှ လုံခြုံရေး ဝန်ထမ်းအဖြစ် ရွေးချယ်ခြင်း ခံရပြီး လက်ရှိ အလုပ်လုပ်ကိုင်လျှက်ရှိပါသည်။

## Security Guard Training from Fuji Work (November 4th and 6th 2015)



Security Guard Training was provided for 20 participants to get more knowledge on responsibility and characteristic of security by Fuji Work on 4th and 6th November 2015. Among 20 participants, 8 PAPs from relocation site are included. Moreover, 4 PAPs were chosen as security workers by Dowa Eco- System Co., Ltd.

## ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၁၅)



ကုလသမဂ္ဂ ၏နှစ်စဉ် စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ နီးနှောဖလှယ်ပွဲကို နိုဝင်ဘာလ၁၆ရက်မှ ၁၉ရက် အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ပါသည်။ သီလဝါ SEZအတွင်းမှ ဇုန်A အတွက် ဘက်ပေါင်းစုံ အဖွဲ့အစည်းများ စေ့စပ် ညှိနှိုင်း ဆွေးနွေး လုပ်ကိုင် ဆောင်ရွက်နေမှုများကို ဆွေးနွေး တင်ပြခဲ့ပါသည်။ အစည်းအဝေးတွင် အဓိက ဆွေးနွေးသူများမှာ ဇုန်A စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများမှ ကိုယ်စားလှယ် တစ်ဦး၊ MCRB မှ ဥက္ကဋ္ဌ၊ သီလဂါ SEZ စီမံခန့်ခွဲရေး ကော်မတီမှ အတွင်းရေးမှူးနှင့် MJTDမှ အမှုဆောင် အရာရှိချုပ်တို့ဖြစ်ပါသည်။ ထို့အပြင် အရှင်ဦးစန္ဒာဝရမှလည်း ဖြည့်စွက် ဆွေးနွေး ခဲ့ပါသည်။

## UN Forum on Business and Human Rights 2015



UN Annual Forum on Business and Human Rights was held in Geneva on 16th - 19th Nov, 2015. In the Forum, one panel was organized concerning multi-stakeholders engagement on Thilawa SEZ-Zone A Project in Myanmar. Panelists were a representative of Project Affected People at Zone A, Chairperson of Multi-Stakeholder Advisory Group (MSAG)/ Rep of Myanmar Center for Responsible Business (MCRB), Secretary of Thilawa SEZ Management Committee, and CEO of Myanmar Japan Thilawa Development Ltd (MJTD). U Sandar Wara, venerable monk, also made a speech for audience.

## အမှိုက်ကန် သန့်ရှင်းရေး လုပ်ဆောင်မှု (၂၀၁၅ နိုဝင်ဘာလ ၂၃)



ပြန်လည်နေရာချထားရေး နေရာမှ အမှိုက်များကို ကောက်ခြင်းနှင့် အမှိုက်ကန် သန်ရှင်းရေး လုပ်ခြင်းများ ကို ၂၀၁၅ နိုဝင်ဘာလ ၂၃ ရက်တွင် ပြုလုပ်ခဲ့ပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန်ခွဲရေး ကော်မတီ အတွင်းရေးမှူး၏ညွှန်ကြားမှုဖြင့် သန်လျှင် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှအမှိုက်ကားဖြင့်အမှိုက်များကို သိမ်းယူပေးခဲ့ပါသည်။

## Cleaning Garbage Pit Activities (November 23, 2015)



Garbage around relocation site was collected and the garbage pit was cleaned by PAPs from relocation site on 23th November 2015. The Secretary of Thilawa Special Economic Zone Management Committee (TSEZMC) instructed the Thanlyin Township Municipal Department to collect the garbage with the garbage truck regularly.

## အသေးစား ငွေစုငွေချေး အစီအစဉ်



အသေးစားငွေစုငွေချေး ကျွမ်းကျင်ပညာရှင် ဆရာဦးသိန်ဇော် နှင့် ရွှေမှော်ဝန်း ပရဟိတအဖွဲ့တို့ ပူးပေါင်းကာ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ၏ လစဉ်ဝင်ငွေ တိုးစေရန်နှင့် ၎င်းတို့၏ စီးပွားရေး ပြေလည်စေရန်၊ လည့်ပတ်ရံပုံငွေ အဖြစ်အသုံးပြုရန်၊ ကိုယ်ထူကိုယ်ထ လူမှုအထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် အသေးစားငွေစုငွေချေး အစီအစဉ်ကို ၂၀၁၅ မေလ တွင် စတင်ခဲ့ပါသည်။ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများမှ ၆၄ ဦး ပါဝင်လျှက် ငွေစုခြင်း လုပ်ငန်းကို လုပ်ကိုင်နေပါသည်။

## Microfinance Activity



Microfinance Activity for Project Affected People has been started in Myaing Thar Yar Ward (3) since 2015, May. Saya U Thein Zaw, Microfinance expert and Shwe Mhaw Won society group provide□ the training to PAPs who are interested in microfinance activity. 64 members are saving money now. The object of microfinance is that can be used as Revolving Fund, to do self - help social support activities and to increase PAP's monthly income.